

ဝေမင်းအိမ်
လက်ဗတင်နှင့် သံဟိတ်
နှင့်
အာဋ္ဌာဝက ရောဘတ်

## (တစ်)

တစ်နေ့သ၌ ကျွန်ုပ် အိပ်ရာမှ နိုးလာသော အချိန်တွင် ကိုသံဟိတ်ကို မမြင်သည့်အတွက် ဖိနပ်စင်ပေါ်ရှိ ဖိနပ်များ ကို စစ်ဆေးကြည့်မိလေရာကိုသံဟိတ်စီးနေကျ ဖြစ်သော ဂျွန်ဗိုက်ဖိနပ်ကို မတွေ့ရသော ကြောင့် ကိုသံဟိတ် အပြင်သို့ သွားကြောင်း တွေးမိလေ၏ ။ ထို့နောက်တွင် ချိတ်တွင် ချိတ်ထားသော သက္ကလတ်ဦးထုပ်သည် လည်းကောင်း၊ လောင်းကုတ်အင်္ကျီသည် လည်းကောင်း မရှိတော့သည်ကို သတိပြုမိလေရာ ကိစ္စတစ်ခုဖြင့် တစ်နေရာသို့ သွားခြင်း ဖြစ်သည်ကို တွေးမိလေတော့၏ ။

ကျွန်ုပ်လည်း ရေမိုးချိုး ၍ ကော်ဖီတစ်ခွက် ဖျော်ကာ ယမန်နေ့က ကျွန်ုပ်ကိုယ်တိုင် ဝယ်လာခဲ့သော ဟာရင်ကြီး၏ လခြမ်းမုန့်တိုက်မှ ကိတ်မုန့်နှင့် မနက်စာကို ပြီးလိုက်လေတော့၏ ။ ပြီးလျှင် နေ့လယ်စာအတွက် ချက်ပြုတ်လိုက်လေ၏ ။ အိမ်တွင် အဆင်သင့်ရှိသော ငါးသေတ္တာနှင့် အသားဘူးကို ဖောက်၍ ချက်ပြုတ်ထားလိုက်ရလေ၏ ။ ထမင်းစားချိန် နီးသော အခါတွင် မှ ကိုသံဟိတ် ပြန်ရောက်လာလေ၏ ။

''ဘယ်များ သွားလိုက်တာတုန်း ကိုသံဟိတ်ရဲ့ ။ ကိစ္စလည်းဘာမှ မပေါ်သေးပါဘူး''

ဟု ကျွန်ုပ်က ပြောလိုက်လေရာ ကိုသံဟိတ်က ...

''မောင်တောအုပ်ပြောတဲ့ အမှု ကိစ္စမျိုး ကတော့ မပေါ်သေးပါဘူးကွယ့်။ ဒါပေမဲ့ မောင်တောအုပ် မနိုးခင်မှာ မစ္စတာလူးဝစ် လာခေါ်လို့လိုက်သွားတာပါ''

''ဩော် ...သစ်တောဘက်က မစ္စတာလူးဝစ်ကြီးလား''

''ဟုတ်ပါဗျာ။ စောစောစီးစီး ရောက်လာပြီး ထူးထူးဆန်းဆန်းတွေ ပြောတာနဲ့ ကျုပ်လည်း ချက်ချင်း ထလိုက်သွားခဲ့တာကွယ့်။မောင်တောအုပ်သိတဲ့အတိုင်းပဲလေ။ ထူးဆန်းတာမှန်ရင် ကျုပ်က အလွန်စိတ်ဝင်စားတာလား''

"အင်း ...ကိုသံဟိတ်မှာ အဲဒီ ဝါသနာ ရှိတာကို ကျွန်တော် သိပါတယ်။ နို့ အခုကိစ္စက ဘယ်လိုများ ထူးဆန်းနေလို့တုန်းဗျ။ကျွန်တော့်မှာ လည်း ကိုသံဟိတ်လိုပဲ ထူးဆန်းတဲ့ အရာတွေ ကို စိတ်ဝင်စားတဲ့ ဝါသနာ ရှိပါသကောဗျာ"

ကိုသံဟိတ်လည်း ဧည့်ခန်းရှိ ဆိုဖာပေါ်တွင် ထိုင်လိုက်ကာကုလားအုပ်စီးကရက်ကို ထုတ်ပြီး မီးညှိလေ၏ ။ ဆေးလိပ်ကို တစ်ဖွာနှစ် ဖွာ ရှိုက်ဖွာလိုက်ပြီးမှ ...

"တခြား မဟုတ်ပါဘူးကွယ်။ မစ္စတာလူးဝစ်တို့ သစ်တောဘက်က ဘိုတွေ မနေ့က ပဲခူးရိုးမတက်ပြီး ယုန်လိုက်ကြတယ်တဲ့။အဲဒါ ထူးဆန်းတဲ့ ကြောင်တစ်ကောင် ရလာကြတယ် မောင်တောအုပ်ရဲ့ ။အဲဒါကို လိုက်ကြည့်ဖို့ မစ္စတာလူးဝစ် အစောကြီး ပေါက်ချလာပြီးလာခေါ်တာကွယ့်"

"ဩော် ...ဘာများ တုန်း မှတ်တယ်။ တောကြောင်ပဲဗျာဘာတွေ များ ထူးဆန်းနေလို့တုန်းဗျ"

"ထူးတယ် မောင်တောအုပ်ရဲ့ ။ မောင်တောအုပ်မြင်ဖူးတဲ့ကြောင်တွေ က အကြီးဆုံး ဘယ်လောက် ရှိနိုင်မလဲ"

"ဟာ ...ကိုသံဟိတ်ရယ်၊ တောကြောင်ပဲဗျာ အလွန်ဆုံးရှိလှမှတစ်ပေခွဲ နှစ် ပေပေါ့ဗျာ"

"ဟုတ်တာပေါ့ကွယ်။ ဒါလောက်ပဲရှိပေမပေါ့။ အခု ဒီလူတွေ ပစ်လာခဲ့တဲ့ တောကြောင်ကြီးက နှာဖျားကနေ အမြီးအထိ ကိုးပေကျော်တယ်ကွယ့်"

"ဗျာ ...ဟုတ်မှဟုတ်ရဲ့ လားဗျာ"

"ဟာ ...ဟုတ်ပါတယ် မောင်တောအုပ်ရဲ့ ။ ကျုပ်ကိုယ်တိုင်ကြိုး ဆွဲပြီး တိုင်းကြည့်ခဲ့တာပါကွယ့်"

"ဟုတ်ရဲ့ လားဆိုတာ ကြောင်မှ ဟုတ်ရဲ့ လားလို့ ပြောတာပါဗျ။ကျားသစ်မျိုး

စိတ်တွေ ဘာတွေ များ လားလို့ မေးတာပါ''

''ကျားသစ်လည်း မဟုတ်ဘူး၊ ကျားလည်း မဟုတ်ဘူး။ကြောင်မှ ကြောင်အစစ်ကွယ့်။ ကျုပ်လည်း သေသေချာချာ စစ်ကြည့်ခဲ့တာ''

''အလို ...ကျွန်တော့် တစ်သက်မှာ ဒီလောက်ကြီးတဲ့ကြောင်မျိုး ကို မြင်ဖူးဖို့ဝေးလို့ ကြားတောင် မကြားဖူးပါဘူးဗျာ''

''ဟုတ်တယ် မောင်တောအုပ်ရဲ့ ။ မောင်တောအုပ်တင် မဟုတ်ပါဘူး။ အင်္ဂလိပ်စစ်တပ်နဲ့အတူတူ နေရာအနှံ့လိုက်ပြီး စစ်တိုက်ခဲ့ဖူးတဲ့ကျုပ်တောင် တစ်ခါမှ မကြားခဲ့ဖူးပါဘူးကွယ်''

''ဒါဆိုရင် ကျားတစ်ကောင်လောက်ကို ရှိနေမှာ ပဲဗျို့ ''

''ဟာ ...ရှိတာပေါ့ မောင်တောအုပ်ရဲ့ ။ တကယ့် ကျားကြီးတစ်ကောင် အိပ်နေသလိုပါပဲကွယ်။ ဒါပေမဲ့ မျက်နှာကို သေသေချာချာကြည့်တော့ ဒီကောင် ငယ်ငယ်လေးပဲ ရှိသေးတယ်ကွယ့်။ ကျုပ်လိုပဲဒီသတင်းကြားလို့ဆိုပြီး ဒေါက်တာသွန်မဆင်ကြီးတောင် ရောက်လာပြီးကြည့်နေသေးတယ်ကွယ့်''

''ဩော် ...ဟိုပန်ချာပီ ဆရာဝန်ကြီးလား။ သူကကောဘာများ ပြောသေးတုန်းဗျ''

''အင်း ...ဒေါက်တာသွန်မဆင် ပြောတာ ကတော့ ဘယ်သတ္တဝါမဆို ကိုယ်ထဲမှာ ကြီးထွားမှု ကို ဖြစ်စေတဲ့ ဟော်မုန်းဓာတ်ကိုပေးတဲ့ သိုင်းရွိုက်တို့၊ ပီကျူတာရီတို့၊ အာဒရီနယ်တို့ ဆိုတဲ့ ဂလင်းတွေ ရှိတယ်တဲ့။ အဲ ...ဒီဂလင်းတွေ ဟာ သာမန် သဘောအတိုင်း မဟုတ်ဘဲထူးခြားလွန်းနေလို့ ဟော်မုန်းဓာတ်တွေ လွန်ကဲပြီး အခုလို ကြီးထွားလွန်းသွားတာလို့ ပြောတယ်ကွဲ့။ ပြီးတော့ ဒေါက်တာသွန်မဆင်ကကြောင်ကြီးရဲ့ လက်ရိုးတွေ ကို ခွဲကြည့်တဲ့အခါ ခြင်ဆီအိုးတောင် မမာသေးဘူးဆိုပဲ။ ဒီတော့ ဒီကြောင်ကြီးဟာ အလွန်ဆုံးရှိမှ ၃ လသားပဲရှိဦးမယ်ဆိုပဲကွယ့်''

''အလို ...ဒီလိုအ ဖြစ်မျိုး တွေ ဟာ တကယ်ရှိနိုင်တာကိုး။ဒီလူတွေ နဲ့သာ မတွေ

့လို့ ဆက်ပြီးကြီးထွားရရင် ဘယ်လောက်ထိများ ရှိလာမလဲ ဟရို့ ..."

"ဟာ ...ကြီးထွားနိုင်သေးတာပေါ့ မောင်တောအုပ်ရဲ့ ။ကြောင်ဆိုတာ တစ်နှစ်သားလောက်ရှိမှ ကြီးထွားမှု ရပ်သွားတာကွဲ့ ကျုပ်စိတ်ထင် ပြောရရင်တော့ ဒီကောင်ကြီးဟာ ဆက်ရှိနေဦးမယ်ဆိုရင်ကိုးတောင်ကျားကြီးတစ်ကောင်လောက်တော့ သာသာကလေးရှိလာမှာ မောင်တောအုပ်ရဲ့ "

"အေးဗျာ၊ ကြောက်စရာတောင် ကောင်းသေးရဲ့ ကိုသံဟိတ်ရယ်"

"ဟုတ်တယ်ကွယ့်။ ရွာတွေ ထဲ ဝင်ဝင်ပြီး ကြက်တွေ ဘဲတွေ ဆွဲနေပြီဆိုပဲ"

"ဟင် ...ဟုတ်လား။ နောက်ဆိုရင် လူတွေ ကိုတောင် ရန်မူလာမလား မပြောတတ်ဘူးဗျ၊ အင်းလေ ...ပစ်လိုက်တာပဲ ကောင်းပါတယ်ဗျာ။

ဟု ကျွန်ုပ်က စကားကို လက်စသတ်လိုက်သော အချိန်တွင် လှေကားမှ တက်လာသော ခြေသံတစ်ခုကို ကြားရလေ၏ ။ ကိုသံဟိတ်သည် တစ်ချက် နားစွင့်လိုက်ကာ ...

"အလို ...ကျုပ်တို့ ဟစ်တလာကြီးပါလား ဟရို့ ..."

"ကိုဘခင်လားဗျ"

"ဟုတ်ပါပေရဲ့ မောင်တောအုပ်ရေ။ ဒီအုပ်စုတွေ နဲ့ ကျုပ်တို့မဆုံတာတောင် နှစ်လလောက်ရှိသွားပြီ။ အဲ ...အခုတော့ ဘာများ အရေး ကိစ္စ ပေါ်လာပြန်ပါလိမ့်"

ဟု ကိုသံဟိတ် ပြောသော စကား မဆုံးခင်မှာ ပင် ကျွန်ုပ်ကတံခါးကို ဖွင့်လိုက်လေ၏ ။ ကျွန်ုပ် ဖွင့်လိုက်သော တံခါးမှ ဟစ်တလာနှုတ်ခမ်းမွေး ပြားပြားကြီးနှင့် အင်စပိတ်တော် ကြီး ကိုဘခင်က ပြုံး ၍ နှုတ်ဆက်ရင်း အိမ်ထဲသို့ ဝင်ခဲ့လေ၏ ။

"ကြွပါဗျာ ...ကြွပါ။ အင်စပိတ်တော် ကြီး ပျောက်ချက်သားကောင်းနေပါပေါ့လား"

ဟု ကိုသံဟိတ်က ခရီးဦးကြိုပြု၍ နှုတ်ဆက်လိုက်လေရာ ...

''ပျောက်ချက်သားကောင်းဆို လူတွေ အားလုံး တရားသံဝေဂတွေ ရကုန်ကြပြီ ထင်တယ်ဗျ၊ အခုတလော တစ်ယောက် နဲ့ တစ်ယောက် မသတ်ကြ၊ မဖြတ်ကြတော့ဘူးဗျ''

''ဒါဆိုရင် လူမိုက်တွေ ကုန်သွားလို့ ဖြစ်မယ်ဗျ ကိုဘခင်ရဲ့ ''

''အင်း ...ဒါလည်း ဟုတ်နိုင်တာပဲဗျ၊ လက်ဖတင်နင်သံဟိတ်လိုက်ဖမ်းလိုက်လို့ လူမိုက်တွေ မျိုး တုံးကုန်ပြီ ထင်တယ်ဗျို့ ။ နောက်ထပ်မွေးလာတဲ့ လူမိုက်တွေ ကလည်း မကြီးကြသေးဘူးထင်တယ်ဗျ၊ ဟားဟား ...ဟား''

ဟု ပြောရင်းမှ ကိုဘခင်က ရယ်လေတော့၏ ။ ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း ကိုဘခင်နှင့် ရော၍ ရယ်လိုက်ကြလေ၏ ။

''နို့နေပါဦး ကိုဘခင်ရဲ့ ။ လူမိုက်တွေ ကုန်ပြီသာဆိုတယ် ခင်ဗျားအကျီအိတ်ထဲမှာ စုံထောက်မင်းကြီးရော ပုလိပ်မင်းကြီးရဲ့ စာပါ ထည့်ပြီးကျုပ်ဆီကို ရောက်လာတာက ဘာသဘောလဲဗျ''

ဟု ကိုသံဟိတ်က ရယ်စရာသဘောဖြင့် မေးလိုက်လေရာ

''ဟား ...ဟား ...ဟား လက်ဖတင်နင်သံဟိတ်တို့ ကတော့ချက်ဆိုရင် နားခွက်က မီးတောက်ပြီးသားပဲဗျာ။ ဒီတစ်ခါ လွှတ်လိုက်တာ ကတော့ မင်္ဂလာပါဗျ၊ ပုလိပ်မင်းကြီးနဲ့ စုံထောက်မင်းကြီးက ဒီနေ့ညစာအတွက် ခင်ဗျားနဲ့ကိုတောအုပ်ကို ဖိတ်တဲ့စာတွေ ပါဗျ''

''အလို့ ...ဘယ့်နှယ်ဗျာ တစ်ညနေထဲမှာ ညစာစားဖို့နှစ် ယောက် တစ်ပြိုင်တည်း ဖိတ်တော့ ကျုပ်တို့က ဘယ်သူ့ဆီ သွားရမှာ လည်းဗျ ကိုဘခင်ရဲ့ ။ ကြည့်လည်း လုပ်ပါဦးဗျာ''

''ဟာ ...ဒီအတွက် မပူပါနဲ့ဗျာ။ ကိုတောအုပ်က တစ်နေရာ။ခင်ဗျားက တစ်နေရာ သွားရုံ ရှိတာပေါ့ဗျာ ဟား ...ဟား ...ဟား''

ဟု ကိုဘခင်က ရယ်၍ ပြောပြန်လေ၏ ။

''အင်းလေ ...ဒီအတိုင်းဆိုရင်တော့ ဒီလိုပဲ လုပ်ဖို့ ရှိတော့တာပေါ့ဗျာ''

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ...

''ဟား ...ဟား မစိုးရိမ်ပါနဲ့ ကိုသံဟိတ်ရာ။ ဒင်နာက တစ်ခုတည်းပါဗျ၊ မင်းကြီးနှစ်ယောက် ပေါင်းပြီး ခင်ဗျားတို့ကို ဒင်နာပေးမှာ ဗျ၊နေရာ ကတော့ ပုလိပ်မင်းကြီးအိမ်မှာ ဗျ၊ ကဲ ...ရော့ ...ဟောဒီစာတွေ ဖတ်ကြည့်ပေတော့ဗျာ''

ဟု ပြောလိုက်ရင်းမှ အိတ်ထဲမှ စာအိတ်အညိုနှစ် လုံးကိုကိုဘခင်က ထုတ်၍ပေးလိုက်လေ၏ ။ ကိုသံဟိတ်ကလည်း ကိုဘခင်ကမ်းပေးလိုက် သော စာအိတ်များ ကို လှမ်းယူလိုက်ရင်းမှ ...

''မင်းကြီးနှစ် ယောက် က ကျုပ်တို့ကို သီးသန့် ဒင်နာပေးတယ်ဆိုရင်တော့ ကိစ္စက တော် တော့် ကို အရေး ကြီးပုံရတယ်ဗျို့ ''

ဟု ကိုသံဟိတ်ကပြောရင်းမှ စာအိတ်များ ကို ဖောက်၍ စာကိုဖတ်လေ၏ ။

''အလို ...ပဲခူးရိုးမဘက်မှာ လွန်စွာ အရေး ကြီးတဲ့ကိစ္စ ဖြစ်ပေါ်နေတယ်ဆိုပါလားဗျ၊ ဒီကိစ္စကို ညစာစားရင်း အေးအေးဆေးဆေးပြောပြချင်လို့ ဆက်ဆက်လာခဲ့ပါဆိုပဲ။ အင်းလေ ...ညနေကျတော့သွားကြတာပေါ့လေ။ သြော် ...ဒါထက် စီအိုင်ဒီက လူကလေးမောင်ဘခင်နှင့် မောင်ထွန်းသော င်တို့နှင့် ပူးပေါင်းဆောင်ရွက်လိုကလည်းဆောင်ရွက်နိုင်ပါသည်ဆိုပဲဗျ ကိုဘခင်ရဲ့ ။ ဘာကိစ္စမှန်း မသိသေးပေမယ့်ခင်ဗျားတို့ နှစ် ယောက် လည်း အဆင်သင့်ပြင်ထားကြပေတော့။ သံလက်သီးကြီးနဲ့ ခရီးအတူတူ မသွားရတာ တောင် ကြာနေပြီဆိုတော့ဟန်ကျပြီပေါ့ဗျာ''

ဟု ကိုသံဟိတ်က ပြောလိုက်လေရာ ...

''စိတ်ချ ...စိတ်ချ ဒီကပြန်တာနဲ့ သံလက်သီးကြီးကိုတစ်ခါတည်း ပြောထားလိုက်တော့မယ်။ ကိုသံဟိတ်ဘက်ကသာဆက်သွယ်လိုက်ပေတော့။ ကျွန်တော် တို့ ချက်ချင်း ရောက်လာခဲ့မယ်''

ဟု ဟစ်တလာဘခင်ခေါ် အင်စပိတ်တော် ကိုဘခင်က ပြောလိုက်လေ၏ ။ ပြီးလျှင် ထွေရာလေးပါး စကားများ ကို ပြောရင်းဆိုရင်းဖြင့် နေ့လယ်တစ်နာရီလောက်တွင် ကိုဘခင်ကြီး ပြန်သွားလေတော့၏ ။

♥ ♥ ♥

(နှစ် )

ညနေ ငါးနာရီလောက်တွင် ပုလိပ်မင်းကြီး၏ အိမ်သို့ ကိုသံဟိတ်နှင့် ကျွန်ုပ် ရောက်သွားခဲ့ကြလေ၏ ။ စန္ဒရီပုလိပ်များ ကလည်းကိုသံဟိတ်ကို သိနေကြသည် ဖြစ်ရာ စစ်ဆေးခြင်း၊ မေးမြန်းခြင်း မပြုကြတော့သဖြင့် ခြံဝင်းကြီးထဲသို့ ကျွန်ုပ်တို့ နှစ် ယောက် တန်းဝင်ခဲ့ကြလေ၏ ။

''ဟဲလို ...လက်ဖတင်နှင်သံဟိတ်တို့ ရောက်လာကြပြီကိုး။အိမ်ထဲကို ကြွကြပါခင်ဗျာ။ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်လည်းမကြာမီ ရောက်တော့မှာ ပါ။ အိမ်ထဲမှာ ကျွန်ုပ်တို့ရဲ့ မင်းကြီးက စောင့်နေပါတယ်''

ဟု ပုလိပ်မင်းကြီး၏ သက်တော် စောင့် တစ်ယောက် ဖြစ်သော ဂျမဒါအာခေးက ဆီးကြိုလေတော့၏ ။ ကိုသံဟိတ်ကလည်း ပြုံးရွှင်စွာ ဖြင့်

''ဟုတ်လား ဂျမဒါ။ ခုလို ကြိုဆိုတာ ကျေးဇူးတင်ပါတယ်''

ဟု ပြောလိုက်လေ၏ ။ ပြီးလျှင် ကျွန်ုပ်တို့ နှစ် ယောက် လည်းရှေ့မှ ဦးဆောင်၍ သွားနေသော ဂျမဒါအာခေး၏ နောက်မှ လိုက်ခဲ့ကြရလေတော့၏ ။ ဧည့်ခန်းထဲမှ အခန့်သား ထိုင်စောင့်နေသော ပုလိပ်မင်းကြီးကလည်း ကိုသံဟိတ်ကို ခရီးဦးကြိုပြုခဲ့လေ၏ ။ ခဏကြာလျှင်စုံထောက်မင်းကြီး မစ္စတာကရစ်ပင်လည်း ရောက်ရှိလာကာ ညစာစားပွဲသို့ ပြောင်းရွှေ့ထိုင်ကြရလေ၏ ။

ပုလိပ်မင်းကြီး တည်ခင်းသော ညစာစားပွဲသည် လွန်စွာ မခမ်းနားသော လည်းအစားအသောက်များ စုံလင်လှလေ၏ ။ ထမင်းမစားမီတွင် မင်းကြီး၏ အိမ်မှ စားပွဲထိုးကြီးက ကျွန်ုပ်တို့၏ ဖန်ခွက်များ အတွင်းသို့ ဝီစကီအကောင်းစားများ ကို ထည့်ပေးလေ၏ ။

''လက်ဖတင်နှင်သံဟိတ်အတွက်''

ဟုပြောကာ ဝီစကီခွက်များ ကို မြှောက်၍ ဂုဏ်ပြုစကားပြောပြီးမှစ၍ သောက်ကြလေ၏ ။ မင်းကြီး ဧည့်ခံသော စကော့ဝီစကီသည် လွန်စွာ အဆင့်အတန်း မြင့်လှသည် ဖြစ်ရာ ...

''အလွန်ကောင်းတဲ့ ဝီစကီပါလား''

ဟု ကိုသံဟိတ်၏ နှုတ်မှ ဖွင့်ဟချီးမွမ်းလေတော့၏ ။ ထိုအခါပုလိပ်မင်းကြီးနှင့် စုံထောက်မင်းကြီးက ပြုံးတုံ့ပြုံး လိုက်ကာ ...

''ကျေးဇူးတင်ပါတယ် လက်ဖတင်နင်သံဟိတ်''

ဟု ပုလိပ်မင်းကြီးက ပြောလေ၏ ။ ဝီစကီ တစ်ဖန်ခွက်စီသောက်ပြီးကြသော အခါတွင် မှ ပုလိပ်မင်းကြီးက စကားစလေတော့၏ ။

''ဒီလို လက်ဖတင်နင်သံဟိတ်ရေ။ ပဲခူးဂါတ်က ဌာနအုပ်မစ္စတာနော်တင် မနေ့က ကျွန်ုပ်ဆီကို ရောက်လာခဲ့တယ်ဗျ။ သူရောက်လာတဲ့ ပုံစံ ကတော့ တော် တော့် ကို အရေး တကြီး ရောက်လာခဲ့တာပဲဗျ။ ပြီးတော့ မစ္စတာနော်တင်က အတော် ကလေး အံ့သြစရာကောင်းတဲ့ ရီပို့တစ်ခုကို ကျွန်ုပ်ထံ တင်သွင်းခဲ့တယ်''

ဟု ပြောရင်းမှ စကားကို ခဏရပ်ကာ ဝီစကီကို တစ်ချက်မော့လေ၏ ။ ပြီးမှ စကားကို ဆက်လေ၏ ။

''သူ့ ရီပို့ထဲမှာ က ပဲခူးမြို့ အပိုင်ထဲမှာ ပါတဲ့ တောင်ပေါ်ရွာကလေးတွေ မှာ အခုတလော လူတွေ ပျောက်ဆုံးနေကြတဲ့အကြောင်းရွာသူကြီးတွေ ဆီက ဂါတ်ကို လာတိုင် ကတော့ သူ့ဂါတ်က ရာဇဝတ်အုပ် တစ်ယောက် နဲ့ ပုလိပ်သားလေးယောက် ကို အဲဒီ ရွာတွေ ဆီကို လွှတ်လိုက်တာ အားလုံးသေသွားခဲ့တယ်''

''ဟာ ...''

ဟု ကျွန်ုပ်နှင့် ကိုသံဟိတ်ကာ ပြိုင်တူအော်လိုက်မိလေ၏ ။

''ကျွန်ုပ် ဝမ်းသာပါတယ် လက်ဖတင်နင်။ ဒီကိစ္စအပေါ်မှာ အခုလို စိတ်ဝင်စားမှု

ရှိတာကို ကျွန်ုပ် သဘောကျတယ်''

ဟု ပြောပြီးလျှင် ဝီစကီဖန်ခွက်ကို မော့ပြန်လေ၏ ။

''ပထမတော့ ကျွန်ုပ်လည်း ရိုးမတောင်ပေါ်မှာ သူပုန်ထနေသလားလို့ တွေးလိုက်မိသေးတယ်။ သူ့ရီပို့ကို ဆက်ပြီးဖတ်တော့မှ သူပုန်ထတာမဟုတ်မှန်း သိလိုက်ရတယ်။ သူ့ရီပို့အရဆိုရင် မစ္စတာနော်တင်က ပျောက်သွားတဲ့ ရာဇဝတ်အုပ်နဲ့ ပုလိပ်သားလေးယောက်ကိုရှာဖို့ပုလိပ်တပ်စိတ်တစ်စိတ်ကို ထပ်လွှတ်လိုက်တယ်။ တောနင်းပြီး ရှာကြတယ်ဆိုပဲ။ ဒီမှာတင် ပျောက်သွားတဲ့ ပုလိပ်သားလေးယောက် ထဲကသုံးယောက် ရဲ့ အလောင်းကို တွေ့ရတယ်တဲ့။ ခေါင်းကို တစ်ခုခုနဲ့ထုထားတာကို တွေ့ရတယ်လို့ ရေး ထားတယ်ဗျ။ သုံးယောက်စလုံးရဲ့ ခေါင်းတွေ ဟာ ဦးခွံပါ ကြေမွနေတာကို တွေ့ရတယ်တဲ့။ဒါနဲ့ ကျန်တဲ့ ရာဇဝတ်အုပ်နဲ့ ပုလိပ်သား တစ်ယောက် ကိုလိုက်ရှာတော့ ပထမတွေ့တဲ့ အလောင်းသုံးလောင်းနဲ့ တော်တော် ကလေးလှမ်းတဲ့နေရာမှာ ပုလိပ်သားကလေးရဲ့ အလောင်းကို တွေ့ရတယ်ဆိုပဲ။ တစ်ကိုယ်လုံးမှာ အသားဆိုလို့ ဘာမှ မကျန်တော့ပဲ အရိုးတွေ ပဲ ကျန်နေတယ်တဲ့။ တောကောင်ကြီးကြီးတစ်ကောင် စားထားတဲ့ ပုံစံပဲလို့ရေး ထားတယ်ဗျ''

''ကျားဆွဲတာ ဖြစ်နိုင်သလား မင်းကြီး''

ဟု မစ္စတာကရစ်ပင်က ဝင်၍ ပြောလိုက်လေ၏ ။ကိုသံဟိတ်ကမျက်ခုံးနှစ်ဖက်ကို စုလိုက်ကာ တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားလေ၏ ။ ပြီးမှ ...

''ကျားဆွဲတာ မ ဖြစ်နိုင်ဘူး မစ္စတာကရစ်ပင်။ ကျားဆွဲတာဆိုရင် လူတစ်ယောက် ကိုပဲ ဆွဲသွားမှာ ပေါ့ဗျ။ အခုဟာက ပုလိပ်သုံးယောက် ရဲ့ ခေါင်းတွေ ကြေမွပြီး သေကျန်ခဲ့တယ်။ တစ်ယောက် ကိုစားထားတယ်။ ဩော် ...ဒါထက် ရာဇဝတ်အုပ်ကရော မင်းကြီး''

ဟု ကိုသံဟိတ်က မေးလိုက်လေရာ ပုလိပ်မင်းကြီးကခေါင်းညိတ်၍ ပြောလေ၏ ။

''အဲဒီ အတွက်ကြောင့် လက်ဖတင်နင်ကို အခုလို့ တွေ့ဆုံရတာ ပေါ့ဗျာ။ အဲဒီ

ရာဇဝတ်အုပ်ကလေးရဲ့ နာမည် က မစ္စတာဒတ်လို့ခေါ်တယ်။ အိန္ဒိယဆပ်ကျောင်းက ဆင်းလာတာ နှစ် နှစ် လောက်ပဲ ရှိသေးတယ်ဗျ။ အခု သူ ပျောက်နေတယ် လက်ဖတင်နင်။ ပဲခူးဂါတ်ကလည်းရိုးမထဲမှာ တောနင်းပြီး ရှာပေမယ့် ဘယ်မှာ မှ မတွေ့ကြဘူးလို့ ရီပို့မှာ ရေးထားတယ်။ ပုလိပ်သားတွေ ရဲ့ အလောင်းတွေ ကိုတော့ ပဲခူးဌာနာပိုင်မစ္စတာနော်တင်က သင်္ဂြိုဟ်လိုက်တာပေါ့ဗျာ။ အဲဒါ ပျောက်နေတဲ့ရာဇဝတ်အုပ်ကလေး မစ္စတာဒတ်ကို ရှာဖို့ လက်ဖတင်နင်ကို အကူအညီတောင်းချင်တာပါ''

ဟု ပုလိပ်မင်းကြီး ပြောလေ၏ ။ ထိုအခါ ကိုသံဟိတ်က မဆိုင်းမတွပင် ပြန်၍ ပြောလေ၏ ။

''ကောင်းပါပြီ မင်းကြီး။ ကျွန်တော် ရိုးမပေါ်တက်ပြီး ရာဇဝတ်အုပ်ကလေး မစ္စတာဒတ်ကို ရှာပါမယ်''

''အိုး ...ဝမ်းသာလိုက်တာ လက်ဖတင်သံဟိတ်ရယ်။ကျွန်ုပ်အနေနဲ့ လိုတာတွေ အားလုံးကို ပံ့ပိုးပေးပါ့မယ်။ မနက်ဖြန်မနက်မှာ ပဲ တိုက်ရည်ခိုက်ရည်ကောင်းတဲ့ ပုလိပ်လက်ရွေးစင် ပုလိပ်တပ်ဖွဲ့ထဲကတပ်ခွဲတစ်ခွဲစာ ပုလိပ်သားငါးဆယ်ကို ပဲခူးကို ပို့ပေးထားပါမယ်။ သူတို့ကိုလက်ဖတင်နင်ကိုယ်တိုင် စီမံခန့်ခွဲပါ။ ပြီးတော့ လက်နက်ခဲယမ်းမီးကျောက်တွေ လည်း အပြည့်အစုံ ပေးထားပါ့မယ်။ လက်ဖတင်နင်သံဟိတ်အနေနဲ့ လိုအပ်တာမှန်သမျှ ပြောပါ။ ကျွန်ုပ် စီစဥ်ပေးပါမယ်''

ဟု ပုလိပ်မင်းကြီးက ပြောလေ၏ ။ ထို့နောက် စုံထောက်မင်းကြီးကလည်း ...

''လက်ဖတင်နင်သံဟိတ်အနေနဲ့ လူကလေး မောင်ဘခင်နဲ့မောင်ထွန်းသောင်ကိုပါ ခေါ် သွားပါ။ ဒီကနေ့ပဲ သူတို့နှစ် ယောက် ကိုခေါ်ပြီး အကျွန်ုပ် အမိန့်ထုတ်ပေးထားပါတယ်''

ဟု ပြောလေ၏ ။ ကိုသံဟိတ်ကလည်း

''ကောင်းပါပြီ မင်းကြီး။ ကျွန်တော် အင်စပိတ်တော် ကိုဘခင်နဲ့ အင်စပိတ်တော် ကိုထွန်းသောင်ကို ခေါ် သွားပါ့မယ်။ မနက်ဖြန်ပဲပဲခူးကို သွားပါ့မယ်။ ဟောဒီက ကျွန်တော်

မိတ်ဆွေ ကိုတောအုပ်လည်းလိုက်မှာ ပါ"

ဟု ကျွန်ုပ်ဘက်သို့ လက်နှင့် ညွှန်ပြကာ ပြောလေ၏ ။

"အိုး ...သိပ်ကောင်းတာပေါ့။ မစ္စတာတောအုပ်က လူငယ်ပေမဲ့ သတ္တိအရာမှာ အလွန်ပြောင်မြောက်တဲ့အကြောင်း လူကလေးမောင်ဘခင်နဲ့ မောင်ထွန်းသော င်က ကျွန်ုပ်ကို မကြာမကြာ ပြောဖူးပါတယ်။ ပျောက်ဆုံးနေတဲ့ ကျွန်ုပ်တို့ရဲ့ ရာဇဝတ်အုပ်ကလေးကို မစ္စတာတောအုပ်ပါ ကူညီပြီး ရှာပေးမှာ ကို ကျွန်ုပ်အနေနဲ့ အထူးလိုလားပါတယ်"

ဟု မစ္စတာကရစ်ပင်က ပြောလိုက်လေရာ ပုလိပ်မင်းကြီးကလည်း ဝမ်းသာမိတဲ့အကြောင်းကို ပြောလေ၏ ။ ညစာစားပွဲတွင် ကျွန်ုပ်တို့အားလုံးသည် အင်္ဂလိပ်စကားဖြင့် သာ ပြောဆိုကြခြင်း ဖြစ်လေ၏ ။ထိုအချိန်တွင် ပုလိပ်မင်းကြီး၏ အိမ်မှ ဘတ္တလာလင်မယား ဖြစ်သော မစ္စတာရော်နယ်နှင့် သူ့ဇနီး မစ္စစ်ရိုစီတို့က ကျွန်ုပ်တို့၏ ပန်းကန်များ ထဲသို့ ထမင်းများ ထည့်ကာ ညစာကို တည်ခင်းကြလေ၏ ။ကျွန်ုပ်နှင့် ကိုသံဟိတ်သည် ပုလိပ်မင်းကြီး၏ ပါတီပွဲသို့ မကြာမကြာ တက်ရောက်ဖူးသည် ဖြစ်ရာ မစ္စတာရော်နယ်နှင့် မစ္စစ်ရိုစီတို့နှင့် ပင် ခင်မင်နေကြပြီ ဖြစ်လေ၏ ။

မစ္စစ်ရိုစီက ယခုညနေစာအတွက် သူတို့ ချက်ထားသော ဟင်းလျာများ အကြောင်းကို ကိုသံဟိတ်အား ပြောပြနေလေ၏ ။ ကိုသံဟိတ်ကလည်း မစ္စစ်ရိုစီတို့၏ ဟင်းလျာချက်နည်းများ ကို စိတ်ဝင်တစားမေးလေ၏ ။

"ကျွန်မတို့မှာ မောင်နှမ သုံးယောက် ရှိတယ် လက်ဖတင်နင်ရဲ့ ။ အစ်ကိုအကြီးဆုံးက အက်ဒဝပ်၊ အစ်ကိုလတ်က ဂျိုး ဇက်၊ သူတို့နှစ် ယောက် စလုံးလည်း ဘတ္တ လာတွေ ပဲ။ အက်ဒဝပ်က အိန္ဒိယစက်ရှင်မင်းကြီးဒေးဗစ်လင်းရဲ့ အိမ်မှာ ဘတ္တ လာလုပ်နေတယ်။ ဂျိုး ဇက် ကတော့အင်္ဂလန်မှာ ။ မစ္စတာချာချီရဲ့ အိမ်မှာ ဘတ္တ လာပေါ့။ ကျွန်မတို့မောင်နှမတွေ က ချက်ရပြုတ်ရတာ အလွန်ဝါသနာပါတာ လက်ဖတင်နင်ရဲ့ "

ဟု မစ္စစ်ရိုစီက သူတို့မောင်နှမတွေ အကြောင်းကို ပြောပြလေ၏ ။ကိုသံဟိတ်က သူပြောသမျှကို စိတ်ဝင်တစား နားထောင်လေ၏ ။ထိုညက မင်းကြီးတည်ခင်းသော ညစာကို

ကျွန်ုပ်ရောကိုသံဟိတ်ပါ မြိန်ရေရှက်ရေ စားကြလေ၏ ။

ညကိုးနာရီထိုးသော အခါတွင် မှ ပုလိပ်မင်းကြီး၏ ဒရိုင်ဘာကကားဖြင့် လိုက်ပို့သော ကြောင့် လွှစ္စလမ်း(ယခု ဆိပ်ကမ်းသာလမ်း)အခန်းသို့ ကျွန်ုပ်တို့ ပြန်ရောက်ခဲ့ကြလေ၏ ။

♥ ♥ ♥